# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

## (၄၀) ရက်မြောက်နေ့ အစီအစဉ်

## [ ၇- ၆- ၂၀၁၆ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၄၀)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၏ လယ်ဝေးမြို့နယ်၊ ပေါက်မြိုင် ကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက (၃၀၀၀) ကျော်အား ဆင်စာ ကြိုးဝိုင်းနယ်မြေအတွင်းမှ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ၊မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ သနပ်ပင်မြို့နယ်ရှိ ကျေးရွာ များအား ကျေးလက်ဒေသဖွံ့ဖြိုးရေး ချေးငွေအမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးရန်နှင့် လျှပ်စစ်မီးလင်းရေး ကုန်ကျစရိတ် ထက်ဝက် (၅၀%)ကို နိုင်ငံတော်မှ ကျခံပေးနိုင်ခြင်းရှိ၊မရှိ တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ မင်းတပ်မြို့နယ်အတွက် ၆၆ **KV** ဓာတ်အားလိုင်းစီမံကိန်းမှ လျှပ်စစ်မီးရရှိရေးနှင့် မင်းတပ်မြို့ပေါ်တွင်သာမကဘဲ ကျေးရွာများကိုပါ လျှပ်စစ်မီးရရှိစေရန် ဓာတ်အားလိုင်း ဖြန့်ဖြူးသွားရန် အစီအစဉ် ရှိ၊မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၏ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့မှ လက်ဆယ်ကျေးရွာအထိ၊ ဆိပ်ဖြူမြို့မှ ပင်းတလဲကျေးရွာအထိနှင့် ကျန်ရှိကျေးရွာများ လျှပ်စစ်မီးလင်းပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်က တင်သွင်းသည့် “ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲ မြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေတွင် ဒီရေတောများဖွဲ့စည်းပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း” အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၊

(ခ) ဦးစိုးပိုင်ဌေး၊ မြိတ် မဲဆန္ဒနယ်၊

(ဂ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

(ဃ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၊

(င) ဦးမင်းသိုင်း၊ ဘိုကလေး မဲဆန္ဒနယ်၊

(စ) ဒုတိယဗိုလ်မှူးကြီးသန်းလှိုင်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဆ) ဦးဝင်းထွဋ်၊ ဖျာပုံ မဲဆန္ဒနယ်၊

(ဇ) ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်၊

(ဈ) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၊

(ည) ဗိုလ်မှူးမျိုးကိုကို၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဋ) ဦးအေးနိုင်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း" ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၄၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။